## Twenty-First Sunday in Ordinary Time (August 24, 2014)

**1st READING:** ***Isaiah 22:19-23***
ဟေရှာယအနာဂတ္တိကျမ်း ၂၂း ၁၉–၂၃

ငါသည်လည်း သင်၏အရာကိုနှုတ်မည်။ သင်၏နေရာမှ သင့်ကိုချမည်။ ထိုကာလ၌ငါ့ကျွန်၊ ဟိလခိ၏သား ဧလျာကိမ်ကိုငါခေါ်၍၊ သင်၏ဝတ်လုံနှင့်ဝတ်ဆင်စေမည်။ သင်၏ ခါးစည်းနှင့် ချီးမြှောက်၍၊ သင်၏အစိုးရသော အခွင့် ကိုအပ်ပြီးလျှင်၊ သူသည်ယေရုရှလင်မြို့သူ၊ ယုဒအမျိုးသားတို့၏ အဘဖြစ်လိမ့်မည်။ ဒါဝိဒ်မင်းမျိုး၏ တံခါးသော့ကိုသူ၏ပခုံးပေါ်မှာငါတင်ထားသဖြင့်၊သူသည်အဘယ်သူမျှမပိတ်နိုင်အောင်ဖွင့်လိမ့်မည်။ အဘယ်သူ မျှမဖွင့်နိုင်အောင် ပိတ်လိမ့်မည်။ မြဲသောအရပ်၌စွဲသောတံစို့ကဲ့သို့သူ့ကိုငါစွဲစေမည်။ သူသည်မိမိအဘ၏အိမ်၌ ကြက်သရေပလ္လင်ဖြစ်လိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms  138: 1-2, 2-3, 6, 8

ဆာလံကျမ်း    ၁၃၈း ၁–၂၊ ၃၊  ၆၊ ၈

**သံပြိုင်။   ။ ကိုယ်တော်၏ ကရုဏာမေတ္တာတော်သည်အစဉ်တည်မြဲတော်မူပါ၏။ ကိုယ်တော်၏ လက်တော်ဖြင့်ပြုတော်မူသောအမှုတော်ကိုစွန့်ပစ်တော်မမူပါနှင့်။**

R. **Lord, your love is eternal; do not forsake the work of your hands.**

**၁။    အိုထာဝရဘုရားတပည့်တော်သည်စိတ်နှလုံးအကြွင်းမဲ့ကိုယ်တော့်ကိုကျေးဇူးတင်ချီးမွမ်းပါ၏။    တပည့်တော်သည်ကိုယ်တော့်ကိုဘုရားများရှေ့တွင်ချီးမွမ်းထောမနာပြုပါ၏။ တပည့်တော်သည်ကိုယ်တော်၏မွန်မြတ်သန့်ရှင်းသောဗိမာန်တော်ကိုမျက်နှာမူလျက်ရှိသေဦးညွှတ်ပါ၏။တပည့်တော်သည်  ကိုယ်တော်၏တည်မြဲသောကရုဏာတော်နှင့်သစ္စာတော်တို့အတွက်နာမတော်ကိုကျေးဇူးတင်ချီးမွမ်းပါ၏။   အကြောင်းမူကား၊ ကိုယ်တော်သည်နာမတော်နှင့်ကတိတော်ကိုအရာခပ်သိမ်းတို့ထက်ချီးမြှောက်တော်မူပြီ။ သံပြိုင်။**

I will give thanks to you, O LORD, with all my heart, for you have heard the words of my mouth; in the presence of the angels I will sing your praise; I will worship at your holy temple.

**၂။  တပည့်တော်ခေါ်တသောနေ့၌ကိုယ်တော်သည်တပည့်တော်ကိုနားညောင်းတော်မူ၏။  ကိုယ်တော်သည်တပည့်တော်၏စိတ်ဝိညာဉ်ကိုခွန်အားတိုးပွားစေတော်မူ၏။ သံပြိုင်။**

I will give thanks to your name, because of your kindness and your truth: When I called, you answered me; you built up strength within me.

**၃။  ကိုယ်တော်သည်အလွန်မြင့်မြတ်တော်မူသော်လည်းနိမ့်ညံ့သောသူတို့ကိုကြည့်ရှုတော်မူ၏။  မောက်မာထောင်လွှားသောသူတို့ကိုမူကား၊ ကိုယ်တော်သည်  အဝေးမှပင်သိတော်မူ၏။ကိုယ်တော်သည်တပည့်တော်တွက်မိမိ၏  စီမံကိန်းတော်ကို  ပြီးမြောက်ပြည့်စုံစေတော်မူ၏။ အိုထာဝရဘုရား၊ ကိုယ်တော်၏  ကရုဏာမေတ္တာတော်သည်အစဉ်တည်မြဲတော်မူပါ၏။ ကိုယ်တော်၏  လက်တော်ဖြင့်ပြုတော်မူသောအမှုတော်ကိုစွန့်ပစ်တော်မမူပါနှင့်။ သံပြိုင်။**

The LORD is exalted, yet the lowly he sees, and the proud he knows from afar. Your kindness, O LORD, endures forever; forsake not the work of your hands.

## 2nd READING: Romans 11: 33-36

ရောမသြဝါဒစာ **၁၁း ၃၃–၃၆**

**ဘုရားသခင်၏ဉာဏ်တော်နှင့်အသိပညာတော်သည်အလွန်ကြွယ်ဝ၍နက်နဲလှပါသည်တကား၊ကိုယ်တော်၏စီရင်တော်မူချက်တို့ကိုမည်သူမျှရှင်းပြ၍မရနိုင်၊ကိုယ်တော်၏တရားလမ်းတော်တို့ကိုမည်သူမျှနားလည်သဘောမပေါက်နိုင်။ ထာဝရဘုရား၏စိတ်အကြံစည်တော်ကိုမည်သူသိရှိနိုင်သနည်း။ မည်သူသည်ထာဝရဘုရား၏ အကြံပေးသူဖြစ်ဖူးသနည်း။ ကိုယ်တော်ထံမှ ကျေးဇူးတော်ခံစားရစေရန် မည်သူသည်ကိုယ်တော်ကိုကျေးဇူးပြုဖူးသနည်း။ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်ထံမှလည်းကောင်း၊ကိုယ်တော်အားဖြင့်လည်းကောင်း၊ကိုယ်တော်အတွက်လည်းကောင်းဖြစ်တည်လျက်ရှိကြ၏။ကိုယ်တော်အားကာလအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 16: 13-20***

ရှင်မာတေဦး ဧဝံဂေလိကျမ်း **၁၆း ၁၃–၂၀**

**သခင်ယေရှုသည်ဆီဇာရိယဖိလစ်ပိနယ်သို့ရောက်တော်မူသောအခါလူအပေါင်းတို့သည်လူသားကိုမည်သူဖြစ်သည်ဟူ၍ဆိုကြသနည်းဟုတပည့်တော်တို့အားမေးတော်မူ၏။ လူအချို့က ကိုယ်တော်သည်ယောဟန်ဗတ္တိဇံ၊အချို့ကဧလိယ၊အချို့ကဂျေရမိယသို့မဟုတ်အချို့က အခြားသောပရောဖက်တစ်ပါးပါးဖြစ်ကြောင်းပြောဆိုကြပါသည်ဟုလျှောက်ကြ၏။ သခင်ယေရှုကလည်း သင်တို့မူကားငါ့ကိုမည်သူဖြစ်သည်ဟုဆိုကြသနည်းဟုသူတို့အားမေးတော်မူလျှင်။ စီမုန်ပေတရုက ကိုယ်တော်သည်အသက်ရှင်တော်မူသော ဘုရား၏သားတော်သခင်ခရစ်တော်ဖြစ်ပါသည်ဟုလျှောက်ကြ၏။ ယေရှုကလည်း ယောန၏ သားစီမုန်၊သင်သည်မင်္ဂလာရှိ၏။အကြောင်းမူကားဤအရာကိုသင့်အားအသွေးအသားက ဖော်ပြခြင်းမဟုတ်၊ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏ခမည်းတော်ကဖော်ပြခြင်းသာဖြစ်၏။ငါသည်သင်အားဆိုသည်မှာသင်သည်ပေတရုဖြစ်၏။ဤကျောက်ပေါ်မှာငါ၏အသင်းတော်ကိုငါတည်ဆောက်မည် ထိုအသင်းတော်ကိုမရဏနိုင်ငံ၏တန်ခိုးအာဏာတို့သည်မအောင်နိုင်ရာ။ ကောင်းကင်နိုင်ငံတော်၏သော့ကိုလည်းသင့်အားငါပေးမည်။ ကမ္ဘာမြေပေါ်တွင်သင်ချည်နှောင်သမျှသည်ကောင်းကင်၌ချည်နှောင်လျှက်ရှိလိမ့်မည်၊ ကမ္ဘာမြေပေါ်တွင်သင်ဖြေလွှတ်သမျှသည်လည်းကောင်းကင်၌ဖြေလွှတ်လျှက်ရှိလိမ့်မည်ဟုမိန့်တော်မူ၏။ထို့နောက်ကိုယ်တော်ကမိမိခရစ်တော်ဖြစ်ကြောင်းကိုမည်သူ့အားမျှမပြောရန်တပည့်တော်တို့အား တားမြစ်တော်မူ၏။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။